# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

# နေပြည်တော်

Myanmar Eugenia Manufacturing Co., Ltd မှ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့နယ်၊ ပတ္တမြားရပ်ကွက်၊ ပတ္တမြားစက်မှုဇုန်၊ အကွက်အမှတ် (ဆ-၇/၈)၊ မြေဧရိယာ (၈) ဧကပေါ်တွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် CMP စနစ်ဖြင့် နိုင်ငံတကာအဆင့်မီ ဖိနပ်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် တင်ပြလာသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ၏

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

## (Environmental Compliance Certificate-ECC)

ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ မေလ ၃၁ ရက်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
## (Environmental Compliance Certificate - ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၈၇၃ ) ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ မေလ ၃၁ ရက်

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/ ၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာလုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/ ၂၀၁၅) တို့အရ နောက်ဆက်တွဲ (က) တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ (ခ) ပါ စည်းကမ်းချက်များကို လိုက်နာ ဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ် (Environmental Compliance Certificate - ECC) ကို ထုတ်ပေးလိုက်သည်-

| | | | |
|---|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - | ဦးဝင်းဆွေ<br>Managing Director |
| (ခ) | **ဆက်သွယ်ရန် လိပ်စာ** | - | Myanmar Eugenia Manufacturing Co., Ltd. အကွက်အမှတ် (ဆ-၇/ ၈)၊ ပတ္တမြားစက်မှုဇုန်၊ ပတ္တမြား ရပ်ကွက်၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းတိုင်း ဒေသကြီး၊ ဖုန်း-၀၉ ၂၀၂၀၀၃၈ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - | CMP စနစ်ဖြင့် နိုင်ငံတကာအဆင့်မီ ဖိနပ်ထုတ်လုပ်ခြင်း လုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | - | အခွင့်အမိန့်ရအဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏အရွယ်အစား** | - | မြေဧရိယာ (၈) ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | - | စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့နယ်၊ ပတ္တမြားရပ်ကွက်၊ ပတ္တမြားစက်မှုဇုန်၊ အကွက်အမှတ် (ဆ-၇/ ၈)။ |
| (ဆ) | **ECC သက်တမ်း** | - | (၅)နှစ်<br>စတင်ထုတ်ပေးရက် - ၁၇-၅-၂၀၂၄<br>သက်တမ်းကုန်ဆုံးရက် - ၁၆-၅-၂၀၂၉ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ အမျိုးအစား** | - | ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) |

(ဈ) **အတည်ပြုအစီရင်ခံစာ** - ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၏ ၈-၂-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၂/ ၇/ ၈ (၀၃၈၁/ ၂၀၂၄)

**စည်းကမ်းချက်များသတ်မှတ်ခြင်း**

၂။ အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ရရှိနိုင်ရေးအတွက် ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားခြင်းဖြစ်ပါသည်-

(က) ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံးဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ခ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဂ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေး ဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(ဃ) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(င) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်။

၃။ အထက်ဖော်ပြပါ စည်းကမ်းချက်များအပြင် ဤဝန်ကြီးဌာနမှ အခါအားလျော်စွာထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်။

၄။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်ခွင့်ပြုမိန့်မဟုတ်ဘဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မြေအသုံးပြုခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာ ဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရအဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

၅။ သက်ဆိုင်ရာခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့်ပယ်ဖျက်လျှင်သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်းမရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်းသည်လည်း အလိုအလျောက်ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)

(လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန်)

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နောက်ဆက်တွဲ(က)

**Myanmar Eugenia Manufacturing Co., Ltd. မှ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့နယ်၊ ပတ္တမြားရပ်ကွက်၊ ပတ္တမြားစက်မှုဇုန်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် CMP စနစ်ဖြင့် နိုင်ငံတကာအဆင့်မီ ဖိနပ်ထုတ်လုပ်ခြင်းလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ**

၁။ Myanmar Eugenia Manufacturing Co., Ltd. မှ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့နယ်၊ ပတ္တမြားရပ်ကွက်၊ ပတ္တမြားစက်မှုဇုန်၊ အကွက်အမှတ် (ဆ-၇/ ၈)၊ မြေဧရိယာ (၈) ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် CMP စနစ်ဖြင့် နိုင်ငံတကာအဆင့်မီ ဖိနပ်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၏ ၈-၂-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၂/ ၇/ ၈ (၀၃၈၁/ ၂၀၂၄) ဖြင့် တင်ပြခဲ့သည့် စီမံကိန်းအဆိုပြုသူကိုယ်တိုင်မှ ပြုစုသော အပြီးသတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan - EMP) ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** ဦးဝင်းဆွေ ၊ Managing Director ၊ Myanmar Eugenia Manufacturing Co., Ltd.၊ အကွက်အမှတ် (ဆ-၇/ ၈)၊ ပတ္တမြားစက်မှုဇုန်၊ ပတ္တမြားရပ်ကွက်၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဖုန်း-၀၉ ၂၀၂၀၀၃၈ ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** အဆိုပြုစီမံကိန်းတွင် စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့် အနေဖြင့် 999 ၊ Banana နှင့် Shower စက်ရုံများဖြင့် ညှပ်ဖိနပ်၊ Shower flip flops နှင့် Canvas ဖိနပ်များထုတ်လုပ်လျက်ရှိပါသည်။ Canvas ဖိနပ် ထုတ်လုပ်ခြင်းလုပ်ငန်းအဆင့်တွင် ဆိုးပြားနှင့် ခွာထုတ်ရန်ဓာတုပစ္စည်းအား အချိုးအစားအလိုက်ရောစပ်ခြင်း၊ ခွာထုတ်လုပ်ရန်အကြမ်းထည်အား Roller အသုံးပြု၍ပိုင်းဖြတ်ခြင်း၊ ခွာရိုက်စက်တွင်ခွာများထုတ်လုပ်ခြင်း၊ ကော်ကပ်အားကောင်းစေရေး ခွာပွတ်ပေးခြင်း၊ ကော်မဲသုတ်ခြင်း၊ ခြေတုစွပ်ခြင်း၊ ကော်ဖြူသုတ်ခြင်း၊ အောက်ခံဆိုးပြားတပ်ဆင်ခြင်း၊ အောက်ခံခွာတပ်ဆင်ခြင်း၊ ဘေးပတ်တပ်ဆင်ခြင်း၊ ဖိစက်ဖြင့်ဖိကပ်ခြင်း၊ ပေါင်းဖိုအတွင်းမထည့်မီ ပထမအဆင့်စစ်ဆေးခြင်း၊ ပေါင်းဖိုအတွင်းထည့်သွင်းပေါင်းခြင်း၊ ပေါင်းခံပြီးဖိနပ်များအချောသပ် စစ်ဆေးခြင်းနှင့် ထုပ်ပိုးခြင်းတို့ဖြစ်ကြောင်း၊ Banana ညှပ်ဖိနပ်စက်ရုံ၏ ထုတ်လုပ်ခြင်းလုပ်ငန်း အဆင့်တွင် ဖိနပ်အပေါ်ခင်းအားသဲကြိုးတပ်ဆင်ခြင်း၊ ဖိနပ်သဲကြိုးအားကော်သုတ်ခြင်း၊ ကော်သုတ်ပြီး ဖိနပ်အပေါ်ခင်းနှင့် သဲကြိုးမြဲမြံစေရန်တပ်ဆင်ခြင်း၊ ပထမအဆင့်စစ်ဆေးခြင်း၊ ဖိနပ်အပေါ်ခင်းနှင့် အောက်ခင်းတို့အား ကော်သုတ်ခြင်း၊ လက်ဖြင့်ညီညာစွာဖိကပ်ခြင်း၊ ဖိစက်ဖြင့်ဖိကပ်ခြင်း၊ ဖိနပ်

သန့်ရှင်းရေးလုပ်ဆောင်ခြင်း၊ ဒုတိယအဆင့်စစ်ဆေးခြင်း၊ ပါကင်ထုတ်ခြင်း၊ ဈေးကွက်သို့ဖြန့်ဝေရန် အသင့်ပြုပြင်ခြင်းတို့ဖြစ်ကြောင်း၊ Shower စက်ရုံ၏ ညှပ်ဖိနပ် (Shower flip flops) ထုတ်လုပ်မှု လုပ်ငန်းအဆင့်တွင် ဖိနပ်ခုံနှင့်သဲကြိုးထုတ်လုပ်နိုင်ရေး ဓာတုပစ္စည်းအမျိုးအစားအလိုက်ရောစပ်ခြင်း၊ အမျိုးအစားအလိုက်ရောစပ်ထားသော ဓာတုပစ္စည်းများအား Mixer ဖြင့်ရောစပ်ခြင်း၊ Mixer မှ ထွက်ရှိလာသော ရာဘာအကြမ်းထည်များအား Roller ဖြင့် အချောသပ်ခြင်း၊ Roller မှထွက်ရှိလာသော ရာဘာအချောထည်များကို ရစ်ဘီးဖြင့်ရစ်သိမ်းခြင်း၊ ဖိနပ်အောက်ခံခုံပြုလုပ်ရန် ရာဘာအချောထည်များကို ကတ္တားဖြင့်ချိန်တွယ်ခြင်း၊ ဖိနပ်အောက်ခံခုံအရွယ်အစားအလိုက်ထုတ်လုပ်ခြင်း၊ သဲကြိုးထုတ်စက်မှ ဖိနပ်သဲကြိုးများထုတ်လုပ်ခြင်း၊ သဲကြိုးတပ်စက်ဖြင့်သဲကြိုးတပ်ဆင်ခြင်း၊ အရည်အသွေးစစ်ဆေးခြင်း၊ ပါကင်ထုပ်ခြင်းတို့ ဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** စီမံကိန်းလုပ်ငန်းသည် ကုန်ကြမ်းပစ္စည်းများဖြစ်သည့် ဓာတုပစ္စည်းနှင့် ကုန်ကြမ်းပစ္စည်းအမျိုးမျိုးတို့အား ဒေသတွင်းနှင့်တရုတ်နိုင်ငံတို့မှ မှာယူအသုံးပြုသွားမည်ဖြစ်ပြီး ၂၀၁၃ ခုနှစ်မှစတင်ကာ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခဲ့သော လုပ်ငန်းဖြစ်ပါကြောင်း၊ ကုန်ချောထုတ်လုပ်မှုအနေဖြင့် 999 ၊ Banana ၊ Forever စက်ရုံများဖြင့် Shower Flip Flops နှင့် Canvas ဖိနပ်များအား တစ်လလျှင် ဖိနပ်အရံပေါင်း (၉၄၀၀၀) ခန့် ထုတ်လုပ်ပါကြောင်း၊ စက်ရုံ လည်ပတ်ရန်အတွက် ရေလိုအပ်ချက်အား စက်မှုဇုန်ကော်မတီမှဖြန့်ဝေသည့် ရောဝတီမြစ်ရေတင် စီမံကိန်းမှရေကို အဓိကသုံးစွဲပါကြောင်း၊ လိုအပ်ပါက စက်ရုံ၏အဝီစိတွင်းရေမှ ရယူသုံးစွဲပါကြောင်း၊ လျှပ်စစ်မီးအနေဖြင့် အစိုးရလျှပ်စစ်ဓာတ်အားကို 500 KVA Transformer (၂) လုံးဖြင့် ရယူသုံးစွဲပါကြောင်းနှင့် မီးပျက်သည့်အချိန်တွင် 175 KW ၊ 200 KW ၊ 300 KW အရန်မီးစက် (၃) လုံးထားရှိပါကြောင်း၊ လုပ်ငန်းလည်ပတ်ရန်အတွက် စုစုပေါင်းဝန်ထမ်း ၂၅၃ ဦး ခန့်အပ်လုပ်ကိုင်ကြောင်း ဖော်ပြထားပါသည်။ စီမံကိန်း၏ တစ်လပျမ်းမျှထုတ်လုပ်မှုအတွက် အသုံးပြုသည့်ကုန်ကြမ်းပစ္စည်းများကို တစ်ဖက်ပါ ဇယားဖြင့် ဖော်ပြထားပါသည်-

| စဉ် | အမျိုးအမည် | တစ်လပျမ်းမျှ သုံးစွဲမှု (kg) | စက်ရုံ | မှတ်ချက် |
|---|---|---|---|---|
| ၁။ | Accelerator.M | 30 | 999 | China |
| ၂။ | Kaolin | 9020 | 999 | China |
| ၃။ | Carbon black | 4730 | 999 | China |
| ၄။ | Light calcium carbonate | 16814 | 999 | China |
| ၅။ | Accelerator. DM | 30 | 999 | China |
| ၆။ | Adhesive & resin | 396 | 999 | China |
| ၇။ | Latex glue | 1980 | 999 | China |
| ၈။ | Canvas | 15000 | 999 | China |
| ၉။ | Latex glue (3537) | 2200 | 999 | China |
| ၁၀။ | Stearic acid | 726 | 999 | Local |
| ၁၁။ | Sulphur powder | 572 | 999 | Local |
| ၁၂။ | Sodium bicarbonate | 528 | 999 | Local |
| ၁၃။ | Regenerated rubber (OS) | 23100 | 999 | Local |
| ၁၄။ | Regenerated rubber (S) | 10560 | 999 | Local |
| ၁၅။ | Reclaimed rubber | 2310 | 999 | Local |
| ၁၆။ | Natural rubber (Good) | 11374 | 999 | Local |
| ၁၇။ | Engine oil (SAE) | 330 gal. | 999 | Local |
| ၁၈။ | Engine oil (Used) | 44 gal. | 999 | Local |
| ၁၉။ | Coal | 20000 | 999 | Local |
| ၂၀။ | Heavy calcium carbonate | 2500 | 999 | Local |
| ၂၁။ | Octane (92) | 1095 | 999 | Local |
| ၂၂။ | Natural rubber (Clip) | 10000 | 999 | Local |
| ၂၃။ | Packing bags | 950 pcs. | 999 | Local |
| ၂၄။ | Accelerator (TT) | 30 | 999 | Local |
| ၂၅။ | Accelerator (D) | 30 | 999 | Local |
| ၂၆။ | Accelerator (CBS) | 20 | Shower | Local |
| ၂၇။ | Accelerator (MBT) | 34 | Shower | Local |
| ၂၈။ | DCP | 113 | Shower | Local |
| ၂၉။ | Zinc oxide | 325 | Shower | Local |
| ၃၀။ | Hydraulic oil | 1500 L | Shower | Local |
| ၃၁။ | White oil | 200 L | Shower | Local |
| ၃၂။ | Rubber sole | 10500 | Shower | Local |
| ၃၃။ | Outsole | 34000 | Banana | China |
| ၃၄။ | Thongs strap | 3000 | Banana | China |
| ၃၅။ | Glue (Banana) | 2640 | Banana | China |
| ၃၆။ | Packing box | 1000 pcs. | Banana | China |
| ၃၇။ | Tinner | 1100 | Banana | China |
| ၃၈။ | Inbox/ Outbox | 800 | Banana | Local |

ထုတ်လုပ်မှုအတွက်အသုံးပြုမည့် စက်ပစ္စည်းနှင့်ယန္တရားစာရင်းအား အောက်ပါအတိုင်း ဖော်ပြထားပါသည်-

| စဉ် | အမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|
| ၁။ | Blender mill machine | 6 | |
| ၂။ | Rubber cleaner roller | 5 | |
| ၃။ | Five-color mixer | 1 | |
| ၄။ | Drying machine | 2 | |
| ၅။ | Boot seamer machine | 2 | |
| ၆။ | Boot take-out machine | 2 | |
| ၇။ | Quilting machine | 1 | |
| ၈။ | Rubber-cutting machine | 1 | |
| ၉။ | Air compressor | 2 | |
| ၁၀။ | Hydraulic automatic press | 2 | |
| ၁၁။ | Two-wheel lathe machine | 4 | |
| ၁၂။ | Two-wheel grinding machine | 1 | |
| ၁၃။ | Vertical mixer glue | 3 | |
| ၁၄။ | Rubber testing machine | 1 | |
| ၁၅။ | Cross press machine | 16 | |
| ၁၆။ | Up press machine | 11 | |
| ၁၇။ | Conveyor dryer machine | 4 | |
| ၁၈။ | Boiler water pump | 1 | |
| ၁၉။ | Boiler blower machine | 2 | |
| ၂၀။ | Boiler machine | 1 | |
| ၂၁။ | Generator (175 KW; 300 KW; 200 KW) | 3 | |
| ၂၂။ | Transformer (500 KVA) | 2 | |

၅။ **စီမံကိန်းတည်နေရာ။** စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့နယ်၊ ပတ္တမြားရပ်ကွက်၊ ပတ္တမြားစက်မှုဇုန်၊ အကွက်အမှတ် (ဆ-၇/ ၈)၊ မြေရေိယာ (၈) ကေပေါ်တွင် တည်ရှိပါသည်။


**Myanmar Eugenia Manufacturing Co., Ltd. မှ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့နယ်၊ ပတ္တမြားရပ်ကွက်၊ ပတ္တမြားစက်မှုဇုန်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် CMP စနစ်ဖြင့် နိုင်ငံတကာအဆင့်မီ ဖိနပ်ထုတ်လုပ်ခြင်းလုပ်ငန်း၏ တည်နေရာပြမြေပုံ**




**Legend**

Myanmar Eugenia Manufacturing Co., Ltd.

**Myanmar Eugenia Manufacturing Co., Ltd. မှ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့နယ်၊ ပတ္တမြားရပ်ကွက်၊ ပတ္တမြားစက်မှုဇုန်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် CMP စနစ်ဖြင့် နိုင်ငံတကာအဆင့်မီ ဖိနပ်ထုတ်လုပ်ခြင်းလုပ်ငန်း၏ Layout Plan**



## Myanmar Eugenia Manufacturing Co., Ltd. မှ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့နယ်၊ ပတ္တမြားရပ်ကွက်၊ ပတ္တမြားစက်မှုဇုန်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် CMP စနစ်ဖြင့် နိုင်ငံတကာအဆင့်မီ ဖိနပ်ထုတ်လုပ်ခြင်းလုပ်ငန်း၏ Canvas ဖိနပ် ထုတ်လုပ်ခြင်း လုပ်ငန်းအဆင့်ဆင့်

ဆိုးပြားနှင့် ခွာထုတ်ရန်ဓာတုပစ္စည်းအား အချိုးအစားအလိုက်ရောစပ်ခြင်း

↓

ခွာထုတ်လုပ်ရန်အကြမ်းထည်အား Roller အသုံးပြု၍ပိုင်းဖြတ်ခြင်း

↓

ခွာရိုက်စက်တွင်ခွာများထုတ်လုပ်ခြင်း

↓

ကော်ကပ်အားကောင်းစေရေး ခွာပွတ်ပေးခြင်း

↓

ကော်မဲသုတ်ခြင်း

↓

ခြေတုစွပ်ခြင်း

↓

ကော်ဖြူသုတ်ခြင်း

↓

အောက်ခံဆိုးပြားတပ်ဆင်ခြင်း

↓

အောက်ခံခွာတပ်ဆင်ခြင်း

↓

ဘေးပတ်တပ်ဆင်ခြင်း

↓

ဖိစက်ဖြင့်ဖိကပ်ခြင်း

↓

ပေါင်းဖိုအတွင်းမထည့်မီ ပထမအဆင့်စစ်ဆေးခြင်း

↓

ပေါင်းဖိုအတွင်းထည့်သွင်းပေါင်းခြင်း

↓

ပေါင်းခံပြီးဖိနပ်များအချောသပ် စစ်ဆေးခြင်းနှင့်ထုပ်ပိုးခြင်း

**Myanmar Eugenia Manufacturing Co., Ltd. မှ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့နယ်၊ ပတ္တမြားရပ်ကွက်၊ ပတ္တမြားစက်မှုဇုန်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် CMP စနစ်ဖြင့် နိုင်ငံတကာအဆင့်မီ ဖိနပ်ထုတ်လုပ်ခြင်းလုပ်ငန်း၏ Banana ဖိနပ် ထုတ်လုပ်ခြင်းလုပ်ငန်းအဆင့်ဆင့်**

ဖိနပ်အပေါ်ခင်းအားသဲကြိုးတပ်ဆင်ခြင်း

↓

ဖိနပ်သဲကြိုးအားကော်သုတ်ခြင်း

↓

ကော်သုတ်ပြီး ဖိနပ်အပေါ်ခင်းနှင့် သဲကြိုးမြဲမြံစေရန်တပ်ဆင်ခြင်း

↓

ပထမအဆင့်စစ်ဆေးခြင်း

↓

ဖိနပ်အပေါ်ခင်းနှင့် အောက်ခင်းတို့အား ကော်သုတ်ခြင်း

↓

လက်ဖြင့်ညီညာစွာဖိကပ်ခြင်း

↓

ဖိစက်ဖြင့်ဖိကပ်ခြင်း

↓

ဖိနပ်သန့်ရှင်းရေးလုပ်ဆောင်ခြင်း

↓

ဒုတိယအဆင့်စစ်ဆေးခြင်း

↓

ပါကင်ထုပ်ခြင်း

↓

ဈေးကွက်သို့ဖြန့်ဝေရန် အသင့်ပြုပြင်ခြင်း

**Myanmar Eugenia Manufacturing Co., Ltd. မှ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့နယ်၊ ပတ္တမြားရပ်ကွက်၊ ပတ္တမြားစက်မှုဇုန်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် CMP စနစ်ဖြင့် နိုင်ငံတကာအဆင့်မီ ဖိနပ်ထုတ်လုပ်ခြင်းလုပ်ငန်း၏ Shower flip flops ထုတ်လုပ်ခြင်းလုပ်ငန်းအဆင့်ဆင့်**

ဖိနပ်ခုံနှင့်သဲကြိုးထုတ်လုပ်နိုင်ရေး ဓာတုပစ္စည်းအချိုးအစားအလိုက်ရောစပ်ခြင်း

↓

အချိုးအစားအလိုက်ရောစပ်ထားသော ဓာတုပစ္စည်းများအား Mixer ဖြင့်ရောစပ်ခြင်း

↓

Mixer မှ ထွက်ရှိလာသော ရာဘာအကြမ်းထည်များအား Roller ဖြင့် အချောသပ်ခြင်း

↓

Roller မှထွက်ရှိလာသော ရာဘာအချောထည်များကို ရစ်ဘီးဖြင့်ရစ်သိမ်းခြင်း

↓

ဖိနပ်အောက်ခံခုံပြုလုပ်ရန် ရာဘာအချောထည်များကို ကတ္တားဖြင့်ချိန်တွယ်ခြင်း

↓

ဖိနပ်အောက်ခံခုံအရွယ်အစားအလိုက်ထုတ်လုပ်ခြင်း

↓

သဲကြိုးထုတ်စက်မှ ဖိနပ်သဲကြိုးများထုတ်လုပ်ခြင်း

↓

သဲကြိုးတပ်စက်ဖြင့်သဲကြိုးတပ်ဆင်ခြင်း

↓

အရည်အသွေးစစ်ဆေးခြင်း

↓

ပါကင်ထုပ်ခြင်း

နောက်ဆက်တွဲ(ခ)

**ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ**
**ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ**

ဖ။ စီမံကိန်းအဆိုပြုသူသည် Myanmar Eugenia Manufacturing Co., Ltd. မှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် CMP စနစ်ဖြင့် နိုင်ငံတကာအဆင့်မီဖိနပ်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၏ ၈-၂-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၂/ ၇/ ၈ (၀၃၈၁/ ၂၀၂၄) ဖြင့် တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြား မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်။** အဆိုပြုစီမံကိန်းတွင် စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်အနေဖြင့် 999 ၊ Banana နှင့် Shower စက်ရုံများဖြင့် ညှပ်ဖိနပ်၊ Shower flip flops နှင့် Canvas ဖိနပ်များထုတ်လုပ်လျက်ရှိပါသည်။ Canvas ဖိနပ် ထုတ်လုပ်ခြင်းလုပ်ငန်းအဆင့်တွင် ဆိုးပြားနှင့် ခွာထုတ်ရန်ဓာတုပစ္စည်းအား အချိုးအစားအလိုက် ရောစပ်ခြင်း၊ ခွာထုတ်လုပ်ရန်အကြမ်းထည်အား Roller အသုံးပြု၍ပိုင်းဖြတ်ခြင်း၊ ခွာရိုက်စက်တွင်ခွာများထုတ်လုပ်ခြင်း၊ ကော်ကပ်အားကောင်းစေရေး ခွာပွတ်ပေးခြင်း၊ ကော်မဲသုတ်ခြင်း၊ ခြေတုစွပ်ခြင်း၊ ကော်ဖြူသုတ်ခြင်း၊ အောက်ခံဆိုးပြားတပ်ဆင်ခြင်း၊ အောက်ခံခွာတပ်ဆင်ခြင်း၊ ဘေးပတ်တပ်ဆင်ခြင်း၊ ဖိစက်ဖြင့်ဖိကပ်ခြင်း၊ ပေါင်းဖိုအတွင်း မထည့်မီ ပထမအဆင့်စစ်ဆေးခြင်း၊ ပေါင်းဖိုအတွင်းထည့်သွင်းပေါင်းခြင်း၊ ပေါင်းခံပြီး ဖိနပ်များအချောသပ်စစ်ဆေးခြင်းနှင့် ထုပ်ပိုးခြင်းတို့ဖြစ်ကြောင်း၊ Banana ညှပ်ဖိနပ်စက်ရုံ၏ ထုတ်လုပ်ခြင်းလုပ်ငန်းအဆင့်တွင် ဖိနပ်အပေါ်ခင်းအားသဲကြိုးတပ်ဆင်ခြင်း၊ ဖိနပ်သဲကြိုးအားကော်သုတ်ခြင်း၊ ကော်သုတ်ပြီး ဖိနပ်အပေါ်ခင်းနှင့် သဲကြိုးမြဲမြံစေရန် တပ်ဆင်ခြင်း၊ ပထမအဆင့်စစ်ဆေးခြင်း၊ ဖိနပ်အပေါ်ခင်းနှင့် အောက်ခင်းတို့အား ကော်သုတ်ခြင်း၊ လက်ဖြင့်ညီညာစွာဖိကပ်ခြင်း၊ ဖိစက်ဖြင့်ဖိကပ်ခြင်း၊ ဖိနပ်သန့်ရှင်းရေး

လုပ်ဆောင်ခြင်း၊ ဒုတိယအဆင့်စစ်ဆေးခြင်း၊ ပါကင်ထုတ်ခြင်း၊ ဈေးကွက်သို့ဖြန့်ဝေရန် အသင့်ပြုပြင်ခြင်းတို့ဖြစ်ကြောင်း၊ Shower စက်ရုံ၏ ညှပ်ဖိနပ် (Shower flip flops) ထုတ်လုပ်မှုလုပ်ငန်းအဆင့်တွင် ဖိနပ်ခုံနှင့်သဲကြိုးထုတ်လုပ်နိုင်ရေး ဓာတုပစ္စည်း အချိုးအစားအလိုက်ရောစပ်ခြင်း၊ အချိုးအစားအလိုက်ရောစပ်ထားသော ဓာတုပစ္စည်းများ အား Mixer ဖြင့်ရောစပ်ခြင်း၊ Mixer မှ ထွက်ရှိလာသော ရာဘာအကြမ်းထည်များအား Roller ဖြင့် အချောသပ်ခြင်း၊ Roller မှထွက်ရှိလာသော ရာဘာအချောထည်များကို ရစ်ဘီးဖြင့်ရစ်သိမ်းခြင်း၊ ဖိနပ်အောက်ခံခုံပြုလုပ်ရန် ရာဘာအချောထည်များကို ကတ္တားဖြင့် ချိန်တွယ်ခြင်း၊ ဖိနပ်အောက်ခံခုံအရွယ်အစားအလိုက်ထုတ်လုပ်ခြင်း၊ သဲကြိုးထုတ်စက်မှ ဖိနပ်သဲကြိုးများထုတ်လုပ်ခြင်း၊ သဲကြိုးတပ်စက်ဖြင့်သဲကြိုးတပ်ဆင်ခြင်း၊ အရည်အသွေး စစ်ဆေးခြင်း၊ ပါကင်ထုပ်ခြင်းတို့ ဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဘွိုင်လာမီးခိုးခေါင်းတိုင်အား သတ်မှတ်ချက်များနှင့်အညီ လုံလောက်သည့် အမြင့်ရှိစေရေး ဆောင်ရွက်ရန်၊

(၂) ဖုန်နှင့်အမှုန်အမွှားထွက်ရှိမှုလျှော့ချနိုင်ရေး ကုန်ကြမ်းနှင့်ကုန်ချောများ တင်/ ချသည့် အချိန်တွင် စက်ရုံဝင်းအား ရေဖျန်းခြင်းတို့ဆောင်ရွက်ရန်၊

(၃) စီမံကိန်းတွင်အသုံးပြုသည့် စက်ပစ္စည်းကိရိယာများနှင့် ဘွိုင်လာအား ကြံ့ခိုင်ရေး ပုံမှန်စစ်ဆေးရန်၊

(၄) စက်ရုံဝင်းအတွင်းနှင့် ခြံစည်းရိုးတွင် သီးပင်စားပင်အပါအဝင် သစ်ပင်များအား လေကာတန်းအဖြစ် စိုက်ပျိုးရန်၊

(၅) စီမံကိန်းအတွင်းအသုံးပြုသည့် ယာဉ်များဖြတ်သန်းမောင်းနှင်ရာတွင် သတ်မှတ်ထားသော အမြန်နှုန်းအတွင်းသာ မောင်းနှင်စေရေးကြီးကြပ်ဆောင် ရွက်ရန်၊

(၆) ဝန်းကျင်လေထုအတွင်းထုတ်လွှတ်မှုနှင့်စပ်လျဉ်း၍ NEQEG ပါသတ်မှတ်စံနှုန်း အတွင်းတွင်သာရှိစေရေး အလေးထားဆောင်ရွက်သွားရန်။

(ဃ) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဝန်ထမ်းအိမ်ရာနှင့် စားဖိုဆောင်မှထွက်ရှိသည့် စွန့်ပစ်ရေဆိုးများအား စုဆောင်းသိုလှောင်ရန်နှင့် စီမံကိန်းမှမစွန့်ပစ်မီ သင့်လျော်သည့်နည်းလမ်း အသုံးပြု၍ သန့်စင်ရန်၊

(၂) စက်ဆီ၊ ချောဆီနှင့် ကော်သိုလှောင်သည့်နေရာများအား ကွန်ကရစ်ကြမ်းခင်းခြင်း ဆောင်ရွက်သွားရန်။

(င) **ဆူညံသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မီးစက်ပတ်လည်တွင် အသံလုံအဆောက်အဦနှင့် နံရံများကာရံထားရန်၊

(၂) လုပ်သားများအား နားအကာအကွယ်ပစ္စည်းများနှင့် PPEs များ ထောက်ပံ့ပေးရန်၊

(၃) အသံဆူညံမှုလျှော့ချနိုင်ရေး စက်ပစ္စည်းကိရိယာများအား ကြံ့ခိုင်ရေးပုံမှန် စစ်ဆေးရန်၊

(၄) အသံဆူညံမှုမြင့်မားသည့် လုပ်ငန်းခွင်တွင် တာဝန်ကျသည့် လုပ်သားများကို အလှည့်ကျစနစ်ဖြင့် လုပ်ငန်းဆောင်ရွက်ရန်၊

(၅) အသံဆူညံမှုနှင့်စပ်လျဉ်း၍ NEQEG ပါ သတ်မှတ်စံနှုန်းအတွင်းတွင်သာရှိစေရေး အလေးထား ဆောင်ရွက်သွားရန်။

(စ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အန္တရာယ်ရှိအမှိုက်များအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ချိတ်ဆက်၍ သတ်မှတ်အမှိုက်ပုံတွင် စွန့်ပစ်သွားရန်၊

(၂) ဘေးအန္တရာယ်ရှိသည့်ပစ္စည်းများအား လုပ်သားများကိုင်တွယ်အသုံးပြုရာတွင် မြေပေါ်သို့ ဖိတ်စင်ကျရောက်မှုမရှိစေရေး ဂရုပြုဆောင်ရွက်ရန်၊

(၃) ပြန်လည်ပြုပြင်သုံးစွဲနိုင်သည့် အန္တရာယ်ရှိပီပါခွံများနှင့် ဘူးခွံများအား မူလနေရာသို့ပို့ဆောင်ခြင်း/ ကော်ပုံးများအား မူလကော်စက်ရုံသို့ ပြန်လည်ပေးပို့ခြင်းများဆောင်ရွက်သွားရန်၊

(၄) ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများအပါအဝင် စွန့်ပစ်အမှိုက်များအား စနစ်တကျ ခွဲခြားစွန့်ပစ်ခြင်း/ ပြန်လည်ရောင်းချခြင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(ဆ) **ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်သားများအတွက် ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းလတ်ဆတ်သော အစားအစာနှင့် သောက်ရေသန့်များ ပံ့ပိုးပေးသွားရန်၊

(၂) ကျန်းမာရေးအတွက် လက်မှတ်ရသူနာပြုနှင့် ဆေးဝါးအလုံလောက်ထားရှိရန်၊

(၃) လုပ်သားများအား လိုအပ်သည့်သင်တန်းများ ပို့ချပေးရန်၊

(၄) လက်အိတ်၊ နှာခေါင်းစည်း၊ ဓာတ်ဆားထုပ်များနှင့် PPEs များ ပံ့ပိုးပေးရန်၊

(၅) ဘေးအန္တရာယ်ရှိသည့် ဓာတုပစ္စည်းများနှင့် ပတ်သက်သည့် Safety Data Sheet (SDS) အား လုပ်သားများ အလွယ်တကူမြင်သာသည့် နေရာများတွင် ချိတ်ဆွဲခြင်းနှင့် အသိပညာပေးခြင်းတို့ ဆောင်ရွက်ရန်၊

(၆) မီးဘေးအန္တရာယ်ကြုံတွေ့ပါက ဆက်သွယ်နိုင်မည့် ဖုန်းနံပါတ်များနှင့် မီးသတိပေးဆိုင်းဘုတ်များကို ချိတ်ဆွဲသွားရန်။

(ဇ) **အရေးပေါ်အခြေအနေတုံ့ပြန်ရေးအစီအစဉ်။** အရေးပေါ်အခြေအနေတုံ့ပြန်ရေး အစီအစဉ်နှင့်စပ်လျဉ်း၍ စက်ရုံမှ အရေးပေါ်စီမံချက်အားရေးဆွဲ၍ အဆိုပါစီမံချက်တွင် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ခြင်း၊ မီးဘေးအန္တရာယ်ဖြစ်ပေါ်ခြင်း၊ လုပ်သားပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေကြုံတွေ့ခြင်း၊ စက်ရုံပတ်ဝန်းကျင်ရှိ ပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ သက်ရောက်နိုင်ခြင်း၊ အခြားပြဿနာများ ကြုံတွေ့နိုင်ခြင်းစသည်တို့ကို ထည့်သွင်းရေးဆွဲထားရန်။

(ဈ) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံနှင့်တုန်ခါမှု၊ ရေအရည်အသွေးတို့ကို အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်နှင့်အညီ (၁) နှစ်လျှင် (၂) ကြိမ် စောင့်ကြည့်စစ်ဆေးရန်၊

(၂) ဘွိုင်လာမှထွက်ရှိသည့် ထုတ်လွှတ်အခိုးအငွေ့တို့အား အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်နှင့်အညီ (၁) နှစ်လျှင် (၂) ကြိမ် စောင့်ကြည့်စစ်ဆေးရန်၊

(၃) လူသုံးစွန့်ပစ်ရေအရည်အသွေးအား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်နှင့်အညီ (၁) နှစ်လျှင် (၂) ကြိမ် စောင့်ကြည့်စစ်ဆေးရန်၊

(၄) ဆူညံသံအား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်နှင့်အညီ (၁) နှစ်လျှင် (၂) ကြိမ် စောင့်ကြည့်စစ်ဆေးရန်၊

(၅) အနံ့တိုင်းတာမှုအား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်နှင့်အညီ (၁) နှစ်လျှင် (၂) ကြိမ် စောင့်ကြည့် စစ်ဆေးရန်၊

(၆) စွန့်ပစ်ပစ္စည်းများအား တစ်ပတ်လျှင် (၁) ကြိမ် စောင့်ကြည့်စစ်ဆေးရန်၊

(၇) မီးဘေးအန္တရာယ်အား တစ်လလျှင် (၁) ကြိမ် စောင့်ကြည့်စစ်ဆေးရန်၊

(၈) လုပ်ငန်းခွင်ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံရေး၊ လူမှုဝန်းကျင်အပေါ် စောင့်ကြပ်ကြည့်ရှုခြင်းတို့အား နေ့စဉ်ပုံမှန်စောင့်ကြပ်စစ်ဆေးရန်။

(ည) **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့် စပ်လျဉ်း၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုလားချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရမည်။

(ဋ) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်တို့အတွက် အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ဌ) **လျာထားအသုံးစရိတ်။** အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့် လျာထားအသုံးစရိတ်အား အောက်ပါကတိကဝတ်အတိုင်း ဆောင်ရွက်ရန်နှင့် လုံလောက်မှုမရှိပါက ထပ်မံဖြည့်တင်းဆောင်ရွက်ရမည်-

(၁) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် ရန်ပုံငွေ ကျပ် (၁၄၁) သိန်း လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၂) စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်အတွက် ရန်ပုံငွေကျပ် (၅၆) သိန်း လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၃) လူမှုအကျိုးပြုလုပ်ငန်းများအတွက် အခွန်ဆောင်ပြီး အသားတင်အမြတ်ငွေ၏ ၁% အား လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်။

**ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာလိုက်နာဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ်ချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်း အစီအစဉ်ပါ စည်းကမ်းသတ်မှတ်ချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊

မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈ - ၂၀၃၀)၊ မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၂၀) တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ်နှင့်အညီ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ လျှင်လှုပ်ခြင်းကဲ့သို့သော ဘေးအန္တရာယ်များအတွက် အစီအမံများရေးဆွဲ၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်၊

(၂) စီမံကိန်းမှ ထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၊ မိလ္လာအညစ်အကြေးများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများ၊ စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်ရန်နှင့် လဟာပြင်မီးရှို့မှုပပျောက်ရေး ဆောင်ရွက်ရန်၊

(၃) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ်ထားသောနေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရမည်၊

(၄) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်း တို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(၅) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိဆောင်ရွက်ရန်၊

(၆) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၇) စီမံကိန်းမှထွက်ရှိလာမည့် အရည်အသွေးနှင့် သတ်မှတ်ချက်မပြည့်မီသည့် ကုန်ကြမ်းနှင့် ကုန်ချောပစ္စည်းများ၊ စွန့်ပစ်ပစ္စည်းများကို ထွက်ရှိမှုလျှော့ချခြင်း (Reduce)၊ ပြန်လည်သုံးစွဲခြင်း (Reuse) နှင့် ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်း (Recycle) 3 Rs စနစ်ဖြင့် စီမံဆောင်ရွက်ရန်၊

ပြည်ထောင်စု ဝန်ကြီးရုံး

(၈) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရန်၊

(၉) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၁၄ ၊ ၁၅ နှင့် ၁၆ တို့အရ ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည့် ပစ္စည်းများကို သတ်မှတ်ထားသည့် ပတ်ဝန်းကျင်အရည်အသွေးစံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ချက်များအတိုင်း စွန့်ပစ်ခြင်းနှင့်စုပုံခြင်းများပြုလုပ်ရန်၊ ညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည့် လုပ်ငန်းသို့မဟုတ် ပိုင်ရှင်ဖြစ်သူသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို စောင့်ကြပ်ကြည့်ရှုရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သက်ဆိုင်ရာစုပေါင်းအစီအမံတွင် သတ်မှတ်သည့် ငွေ သို့မဟုတ် ပစ္စည်းထည့်ဝင်၍ ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အသုံးပြုခ သို့မဟုတ် စီမံခန့်ခွဲမှု ကုန်ကျစရိတ်ကို ထည့်ဝင်ရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ထုတ်ပြန်သောညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းသတ်မှတ်ချက်များ။** စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့်နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု 3 dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၃) စွန့်ပစ်ရေအရည်အသွေးနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် အပိုဒ် ၁.၂ ပါ Parameter များတိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်ရန်၊

(၄) လေအရည်အသွေးနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် အပိုဒ် ၁.၁ ပါ Parameter များ တိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၅) စီမံကိန်းလုပ်ငန်းနှင့်ဆက်စပ်သော အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်။

(ဂ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများ မရှိစေရေးကြပ်မတ်ဆောင်ရွက်ရမည်။

(ဃ) **ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေးဖွံ့ဖြိုး တိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းတို့ကို ဆောင်ရွက်ရမည်။

(င) **ဒေသခံများနှင့်တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိ လုပ်ငန်းများအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်မည့် လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေး ဆောင်ရွက်ရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှု လမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့် ဖြစ်နိုင်သောအနှောင့်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှုအပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(စ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်းမရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့်အသိပေး တင်ပြရမည်။ ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄)နာရီ အတွင်းလည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များအားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ (၇)ရက် အတွင်းလည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရမည်၊

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့်အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတို့ကို တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိက ပြောင်းလဲခြင်း သို့မဟုတ်

တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်းဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရမည်၊

(၇) စီမံကိန်းဧရိယာအတွင်းတွင် မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့်လည်းကောင်း၊ ပတ်ဝန်းကျင်နှင့်လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့်လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ် မူတည်၍ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရမည်။

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ တင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှု ဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့် အချိန်အထိတိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူ အခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှုဆောင်ရွက်ချက်များနှင့်ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

ပြည်ထောင်စု
ဝန်ကြီးရုံး

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာအတိုင်းအတာနှင့် စည်းကမ်းချက်များ ဆိုင်ရာအချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(ဌ) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏အပြီးသတ်လုပ်ငန်း အစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်ပူးတွဲ၍ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရမည်။

(ဆ) **ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နှင့်သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများ တွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်း ဆက်သွယ် သတင်းပို့ အကြောင်းကြားရမည်။

(ဇ) **လူမှုတာဝန်သိအစီအစဉ်(CSR)ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိ သို့မဟုတ် စီမံကိန်းမဆောင်ရွက်မီကာလထက် မနိမ့်ကျသော လူမှုစီးပွားရေး တည်ငြိမ်ခိုင်မာမှုရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရမည်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (Township Development Plans) များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့်

စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထားပေါင်းစပ် ဆောင်ရွက်ရမည်။

(ဈ) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့်ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာကတိကဝတ်များအား ဖြန့်ဝေအသိပေး ထုတ်ဖော်ကြေညာရမည်။

(ည) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရ အဖွဲ့အစည်းထံမှစာဖြင့် ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှု အားလုံးအတွက် စီမံကိန်းနှင့်ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်း ရလဒ်များ၊ ကိရိယာဖြင့် တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ

(Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံ အဖြစ်အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများစသည်တို့ ပါဝင်ရမည်။ မှတ်တမ်းများ အားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရမည်။ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့်ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင် ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရမည်။ ဝန်ကြီးဌာနမှ စာဖြင့်သီးခြားရေးသား သဘောတူထားခြင်းမရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရမည်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆) လ တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက် မှ (၁၀) ရက်အတွင်း ထုတ်ဖော်ကြေညာရမည်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရမည်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ (၁၀) ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင်လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူစုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင်လည်းကောင်း အများပြည်သူသိရှိနိုင်စေရန် တင်ပြရမည်။ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက် (၁၀)ရက်

အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ဆောင်ရွက်ရမည်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့်လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်းလုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအားကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်း နှင့်စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေး ခွင့်ပြုရမည်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့်မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေး ခွင့်ပြုရမည်၊

(၈) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စစ်ဆေးခြင်းကို ဆောင်ရွက်ရန်လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့်လေ နမူနာများရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ်စာတွဲများအပါအဝင် စာရွက်စာတမ်းအထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်းအပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရမည်၊

(၉) ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရမည်။

**သက်သေခံလက်မှတ်ဆိုင်ရာစည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ တစ်ဖက်ဖော်ပြပါ အချက်တို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပြတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅) နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းမကုန်ဆုံးမီ (၆) လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ(၂)နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း(၃၀)ထက် နောက်မကျစေဘဲ ဤဦးစီးဌာနသို့ စာဖြင့် သတင်းပို့ အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလမည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့်ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့်ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် ရရှိပြီး (၂) နှစ်အတွင်း စီမံကိန်းကိုထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်း မပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ်ပြုလုပ်တင်ပြရမည်၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန်ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှု မရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ကို မူလအတည်ပြုခဲ့သည့်အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများရှိခြင်း၊

(၄) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မူလပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်း အဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာအပိုကုန်ကျစရိတ်မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

၉။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာစည်းကမ်းချက်များ။** ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ် ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ်ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် ဤဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေးထည့်ဝင်ရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရမည်၊

ပြည်ထောင်စု ဝန်ကြီးရုံး

(ဂ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း ရန်ပုံငွေ ထူထောင် ထားရှိရမည်၊

(ဃ) စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ထည့်သွင်းဖော်ပြထားသည့် လျာထားအသုံးစရိတ် များနှင့်ပတ်သက်၍ သီးခြားငွေစာရင်းဖွင့်လှစ်ထားသော အထောက်အထား အချက် အလက်ဖြင့် ထည့်သွင်းဖော်ပြရမည်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ဤလက်မှတ်ပါ လုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ် ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်း လက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်း အဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက် ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံး တို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---